**MYANMAR AGRO EXCHANGE PUBLIC COMPANY LIMITED**

# HUMAN RIGHTS POLICY

## HUMAN RIGHTS POLICY

MAEX has the firm and steadfast commitment to respecting human rights which is in line with our Operational Procedures and our Business Conduct and Ethics. Reflecting this commitment, MAEX has laid down a corporate Human Rights Policy that is as mentioned below.

We believe in respecting human rights and declare that it is our primary duty to protect and ensure fulfillment of human rights.

We have a responsibility to play a positive role in the communities where we operate. To this end, our conduct in business operations is to be consistent with rules, laws and regulations of Republic of the Union of Myanmar; United Nations Universal Declaration of Human Rights; the International Labor Organization (ILO) Declaration on Fundamental Principles and Rights at Work, where applicable to business; and other applicable international principles, including the principles of UN Global Compact.

In many areas and regions of Myanmar and in communities where we operate, social issues are part of a broader set of complex socioeconomic and poverty concerns. This is why the management of human rights issues in MAEX is based on the totality of our efforts and not on a single activity. Our corporate policies, management processes, community-based agribusiness programs and participation in various initiatives are complementary and are intended to reinforce our commitment to respecting human rights.

MAEX's Human Rights Policy will foster greater awareness of human rights issues and will enhance our capabilities to identify and manage human rights issues in the areas relevant to our business.All employees of MAEX are required to comply with this policy, whose key elements are as follows.

### Employees

We treat all of our employees with respect and dignity and promote diversity in the workplace. Our company policies and procedures adhere to all applicable laws and are consistent with Myanmar labour law and principles concerning freedom of expression and Human Rights Policy 20 non-discrimination, forced labour, and underage workers in the workplace.

### Safety

We protect our staff members and assets and provide a safe and secure environment in which business operations can successfully be conducted. Our guidelines and management processes on safety and security in our areas of operations are consistent with international standards on Human Rights.

### Community

We respect human rights in the following ways:

- Through our contributions and commitment to rural development, poverty reduction and socioeconomic improvement in the communities where we operate.

- By fostering interactive and open communication with communities and knowledgeable stakeholders.
- Through our corporate governance policies, procedures and guidelines, which are consistent with relevant international best practices.

## လူ့အခွင့်အရေးဆိုင်ရာ မူဝါဒ

မိမိတို့ချမှတ်ထားသည့် လုပ်ငန်းဆောင်ရွက်မှုလုပ်ထုံးလုပ်နည်းများ၊ စီးပွားရေးအပြုအမူနှင့် ကျင့်ဝတ် များနှင့်အညီ MAEX တွင် လူ့အခွင့်အရေးနှင့် စပ်လျဉ်း၍ စွဲမြဲခိုင်မာသည့် ကတိကဝတ် ရှိပါသည်။ အဆိုပါ ကတိကဝတ်အား ထင်ဟပ်စေရန် MAEX အနေဖြင့် ကော်ပိုရိတ်ဆိုင်ရာလူ့အခွင့်အရေးမူဝါဒ အား အောက်ပါ အတိုင်း ချမှတ်ခဲ့ပါသည်။

လူ့အခွင့်အရေးကို ရရှိခံစားရရှိမှုအား သေချာစေရေးနှင့် အကာအကွယ်ပေးခြင်းသည် မိမိတို့အတွက် လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အဓိက တာဝန်တစ်ရပ်ဖြစ်ကြောင်း ကျွန်ုပ်တို့ ယုံကြည်ပါသည်။

မိမိတို့ လုပ်ငန်းဆောင်ရွက်နေသည့် လူ့အဖွဲ့အစည်းတွင် အပြုသဘောဆောင်သည့် အခန်းကဏ္ဍမှ ပါဝင်ရန် မိမိတို့တွင် တာဝန်ရှိပါသည်။ အဆိုပါ ပန်းတိုင်သို့ ရောက်ရှိရန် မိမိတို့ စီးပွားရေး ဆောင်ရွက်သည့် အပြုအမူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ ကြေငြာစာတမ်း၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမား သမဂ္ဂ (ILO) ၏ အလုပ်ခွင်တွင် လိုက်နာ ကျင့်သုံးရမည့် အခြေခံမူများနှင့် အခွင့်အရေးများဆိုင်ရာ ကြေငြာစာတမ်း စသည့် စီးပွားရေးတွင် ကျင့်သုံးလျက်ရှိသည့် မူဝါဒများ၊ ကုလသမဂ္ဂ၏ ကမ္ဘာလုံးဆိုင်ရာ သဘောတူညီမှုမှ အခြေခံမူများ အပါအဝင် နိုင်ငံတကာမှ ကျင့်သုံးလျက်ရှိသည့် အခြေခံမူများနှင့် ညီညွတ်မှုရှိရန် လိုအပ်ပါသည်။

မိမိတို့လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံရှိ နေရာဒေသအများအပြားနှင့် အသိုက်အဝန်းများရှိ လူမှုပြဿနာများသည် ရှုပ်ထွေးသည့် လူမှုစီးပွားဆိုင်ရာနှင့် ဆင်းရဲမွဲတေမှုများ၏ အစိတ်အပိုင်း တစ်ရပ်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လျက်ရှိပါသည်။ ထို့ကြောင့် MAEX ၏ လူ့အခွင့်အရေးဆိုင်ရာ ပြဿနာစီမံခန့်ခွဲမှုသည် မိမိတို့၏ကြိုးပမ်းအားထုတ်မှု အားလုံးအပေါ်အခြေခံပြီး လှုပ်ရှားဆောင်ရွက်မှု တစ်ခုတည်းအပေါ်တွင် တည်မှီနေခြင်းမရှိပါ။မိမိတို့၏ ကော်ပိုရိတ်မူဝါဒများ၊စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များ၊ လူ့အဖွဲ့အစည်း အခြေပြု ပါဝင်ဆောင်ရွက်လျက်ရှိသော လယ်ယာစီးပွားအစီအစဉ်များနှင့် အမျိုးမျိုးသော အစပြုမှုများသည် တွဲဆက်လျက်ရှိပြီး လူ့အခွင့်အရေးနှင့် စပ်လျဉ်း၍ မိမိတို့၏ ကတိကဝတ်များအား အားဖြည့်ပေးနိုင်ရန် ရည်ရွယ်ပါသည်။

MAEX ၏ လူ့အခွင့်အရေးဆိုင်ရာ မူဝါဒ သည် မိမိတို့စီးပွားရေးလုပ်ကိုင်ရာ နယ်ပယ်များရှိ လူ့အခွင့်အရေးဆိုင်ရာ ပြဿနာများအပေါ် သိမြင်နားလည်မှု ပိုမိုတိုးတက်လာစေရန်နှင့် လူ့အခွင့်အရေး ဆိုင်ရာ ပြဿနာများအား စီမံခန့်ခွဲခြင်းနှင့် ဖော်ထုတ်ခြင်းဆိုင်ရာ မိမိတို့၏ စွမ်းဆောင်ရည်အား တိုးမြှင့်လာစေမည် ဖြစ်ပါသည်။ MAEX ၏ ဝန်ထမ်းအားလုံးသည် ယခု ချမှတ်ထားသည့် မူဝါဒများအား အပြည့်အဝလိုက်နာရန် တာဝန်ရှိပါသည်။ အဓိကကျသည့် အချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## ဝန်ထမ်းများ

ကျွန်ုပ်တို့သည် မိမိဝန်ထမ်းအားလုံးအား လုပ်ငန်းခွင်အတွင်း အပြန်အလှန်လေးစားမှု၊ ဂုဏ်သိက္ခာရှိမှုနှင့် မတူကွဲပြားမှုတို့ကိုတပြေးညီ ဆက်ဆံမည်ဖြစ်ပါသည်။ မိမိတို့ကုမ္ပဏီ၏ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများသည် လွတ်လပ်စွာ ထုတ်ဖော်ပြသခွင့်နှင့် လူ့အခွင့်အရေးမူဝါဒ၊ ခွဲခြားဆက်ဆံမှု မရှိရေး၊ အတင်းအဓမ္မ အလုပ်ခိုင်းစေခြင်းနှင့် အလုပ်ခွင်အတွင်း အသက်မပြည့်သူ ကလေးသူငယ်များ နှင့် စပ်လျဉ်း၍ ကျင့်သုံးလျက်ရှိသည့် ဥပဒေအားလုံးနှင့် မြန်မာနိုင်ငံ အလုပ်သမားဥပဒေနှင့် ညီညွတ်မှုရှိရန် အထူးဂရုပြု ဆောင်ရွက်ထားပါသည်။

## လုံခြုံရေး

မိမိတို့သည် တန်ဖိုးရှိ အရင်းအမြစ်ဖြစ်သည့် ဝန်ထမ်းများအား စီးပွားရေးလုပ်ငန်းများ အောင်မြင်စေရန် ဆောင်ရွက်ရာတွင် လုံခြုံစိတ်ချရသော ပတ်ဝန်းကျင်တွင် ထားရှိရန် ဖြည့်ဆည်းပေးသွားမည်ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုံခြုံစိတ်ချမှုရှိရန် ချမှတ်ထားသည့် မိမိတို့၏ လမ်းညွှန်ချက် များနှင့် စီမံခန့်ခွဲရေး လုပ်ငန်းစဉ်များသည် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ညီညွတ်မှုရှိပါသည်။

## လူ့အဖွဲ့အစည်း

မိမိတို့သည် လူ့အခွင့်အရေးနှင့် စပ်လျဉ်း၍ အောက်ပါနည်းလမ်းများဖြင့် လေးစားသမှုပြုမည် ဖြစ်ပါသည်။

- မိမိတို့လုပ်ငန်းဆောင်ရွက်သည့် ဒေသမှ လူ့အဖွဲ့အစည်းအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှု လျော့ချရေးနှင့် လူမှုစီးပွားဘဝ တိုးတက်လာစေရေးအတွက် မိမိတို့၏ ထည့်ဝင်မှုများနှင့် ကတိကဝတ်ပြုမှုများမှ တစ်ဆင့်
- လူ့အဖွဲ့အစည်းနှင့် အသိပညာရှင်များအကြား အပြန်အလှန် ပွင့်လင်းသည့် ဆက်ဆံရေး တည်ဆောက်ခြင်းမှ တစ်ဆင့်
- နိုင်ငံတကာမှ လက်တွေ့ကျင့်သုံးလျက်ရှိသော အကောင်းဆုံး အတွေ့အကြုံများနှင့်အညီ မိမိတို့၏ ကော်ပိုရိတ် မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် လမ်းညွှန်ချက်များမှ တစ်ဆင့်